
ဟန်ဆောင်အမုန်း
ခွန်းဆက်

## အပိုင်း (၁)

"ပါးပါး သားတို့ ဟိုရောက်ရင် ရေထဲ ဆင်းဆော့မယ်နော်"

"ဒါပေါ့ သားက ပါးပါးနဲ့ ပဲ ဆော့မှာ မလား"

"ဟီ့ ဟုတ်တယ် မားနဲ့ ဆော့ဘူး"

"နေ့ပေါ့ မားကလည်း မဆော့ပါဘူး"

"ဟီ့ မားစိတ်ကောက်သွား"

"အမလေး ကောက်စရာလား"

"ကောက်ပါတယ်မိန်းမရာ ဟား ဟား"

ဒါသားရဲ့ ပျော်ရွှင်ရဆုံး အချိန်ပဲ။ မားကို ပါးကစလိုက် သားကစလိုက်နဲ့ ။ မားကစိတ်ကောက်လိုက် ပြန်ချော့လိုက်နဲ့ သားတို့ ကားလေး ချောင်းသားကို အပြေးနင်နေတော့သည် ။ ပါးကမားကိုကြည့်ပြီး စနေချိန်မှာ ပဲ မားရဲ့ စူးဝါးတဲ့ အော်သံထွက်ပေါ် လာခဲ့သည် ။

"မောင်အရှေ့မှာ ကား ..."

ရောင်လေးတို့ စီးလာတဲ့ ကားလေးဟာ တစ်ဖက်လမ်းကို လမ်းချော နေမှန်း သူရဲ့ ပါးပါးက မသိလိုက်ပါ။ စူးဝါးတဲ့ ရောင်လေးအမေရဲ့ သတိ

ပေးသံ ကြားကြားချင်းမှာ ပဲ ရောင်လေး ပါးပါးကားကို ထိန်းလို့ မရတော့ပါ။ သူတို့ ကားလေးကို အရှိန်ပြင်းပြင်းဖြင် တိုက်မိသွားခဲ့သည် ။ ရောင်လေးတို့ ကားလေး လေပေါ်မှာ ပင် ကျွင်းများ ပြစ်သွားခဲ့သည် ။

သားမျက်လုံးများ ဖွင့်ကြည့်လိုက်တော့ လမ်းမပေါ်မှာ လဲကျနေခဲ့သည် ။ တစ်ကိုယ်လုံး ကိုက်ခဲမှုတို့ က နေရာယူနေ ခဲ့သည် ။ ပါးစပ်မှ လည်း သွေးများက တားလို့ မရအောင် ထွက်ကျလာသည် ။ သား မားနဲ့ ပါး။

သားပတ်ဝန်းကျင်ကို လဲနေရာမှ ခေါင်းကို မနည်းထောင်ကြည့်မိသည် ။ မှောက်ရပ်ကြီး ဖြစ်နေသော ကားရဲ့ အထဲမှာ ညပ်နေတဲ့ ပါးနဲ့ မား။

ပါးနဲ့ မားရဲ့ မျက်နှာတွေကော ခေါင်းတွေမှာ ပါ တစ်ကိုယ်လုံးမှာ ပါ မှန်စများ စိုက်နေခဲ့သည် ။ မားနဲ့ ပါးမသေရဘူး ကယ်ပေးကျပါ ကယ်ကျပါဦး … …

ပါးစပ်မှ မထွက်နိုင်၍ စိတ်ထဲမှ သာ ရေရွတ်နေမိသည် ။ ထိုစဉ် ကားတစ်စီး …

"အား … မီးတွေမီး ကယ်ကျပါဦးအား …"

"သားရောင်စင်လေး သတိထားပါဦးကွယ် ကလေးလေး ထထ သတိထားဦး"

ဒေါ်ကြီးမူရဲ့ လှုပ်နိုးမှုကြောင့် ချက်ချင်းနိုးထ လာရသည် ။ လူကအရမ်းကို မောပန်းနေပြီ ဖြစ်သည် ။ ချွေးများ စိုနေသလို မောဟိုက်လို့ နေပြီ ဖြစ်သည် ။

"သားလူလေး အဆင်ပြေရဲ့ လား အိပ်မက်ဆိုးတွေ ထက်မက်ပြန်ပြီလားကွယ် ဒေါ်ကြီး ဘာလုပ်ပေးရမလဲ"

ဒေါ်ကြီးကိုသာ ကျွန်တော်ပွေ့ဖက်လိုက်မိကာ ငိုနေမိသည် ။ မားနဲ့ ပါးရယ် အရမ်းလွမ်းတာပဲဗျာ ... ...

"ဒေါက် ... ဒေါက် ... ဒေါက် ..."

အဆက်မပျက် ထွက်လာတဲ့ တံခါးခေါက်သံကြောင့် ဒေါ်ကြီး တံခါး ထဖွင့် ပေးလိုက်တော့ ...

"ဩော် ဒေါ်မူရယ် ကြာလိုက်တာ တကယ်ပဲ ဟဲ့ဟိုရုပ်ဆိုးကောင် နင် ငါ့သား အခန်းကိုသွားပြီး မနက်စာ ပြင်ပေးလိုက် လုပ်စရာရှိတာ အကုန်လုပ်ပေးလိုက် ကြားလား"

"နေပါဦး သမီးရယ် သားရောင်လေးက နေမကောင်းဘူးကွဲ့ ဒေါ်ကြီး သွားလုပ်ပေးပမယ်"

"နေပါစေ ဒေါ်ကြီး သားလုပ်ပေးပမယ်"

ကျွန်တော်အိပ်ရာမှ အားမရှိပေမဲ့ ကုန်းထလိုက်သည် ။ ကျွန်တော် ထတော့ သခင်မကြီး ပြန်ထွက်သွားသည် ။ အခန်းက ထွက်မည်အလုပ် တံခါးမှာ ချိတ်ထားတဲ့ မှန်ကြောင့် ကိုယ့်ကိုယ်ကိုယ် အားငယ်မိသွားသ ည်။

ဟုတ်ပါတယ် သူတို့ ခေါ်တာ သိပ်မှန်တယ် ကျွန်တော်ငယ်ငယ်က ကားမှောက်တဲ့ ဒဏ်ကြောင့် ရလာတဲ့ သေရာပါ ဒဏ်ရာကြီးပါ။ မလော င်ဒဏ်ရာပေ့ါ မားနဲ့ ပါးရဲ့ ကားမီးလောင်တဲ့ မီးက ကျွန်တော်မျက်နှာ တ စ်ခြမ်းကို လာဟပ်သွားတယ်လေ။

"သားရယ် ဝဋ်ကြွေး ကြီးလိုက်တာ"

ကျွန်တော်ဒေါ်ကြီးကို ပြုံးပြပြီး နောက်ဖေးကို ဝင်ခဲ့သည် ။ အစ်ကို လေးစားဖို့ စားစရာများကို ပြင်ဆင်နေလိုက်ကာ ပြီးတာနဲ့ အိမ်အပေါ်

ထပ်သို့ တတ်လာခဲ့သည် ။ အစ်ကိုလေးဆိုတာ ကျွန်တော်ထက် ၄နှစ်ကြီးတဲ့ သခင်ကြီးတို့ ရဲ့ တစ်ဦးတည်းသော သားပါ။

ဒေါက် ... ... ဒေါက် ... ... ဒေါက် ... ...

"အစ်ကိုလေး"

ကျွန်တော်ခေါ်နေပေမဲ့ အထဲက မထူးတာကြောင့် တံခါးကို ဖွင့်ဝင်လာလိုက်သည် ။ အိပ်ရာပေါ်မှာ လူးလိမ့်နေတဲ့ အစ်ကိုလေး ရုပ်လေးကတော့ အားကျလောက်အောင် ချောလွန်းသည် ။ ကျွန်တော် စားပွဲပေါ်မှ အစ်ကိုလေးအတွက် မနက်စာကို တင်လိုက်သည် ။

ထိုစဉ် ...

"အ အစ်ကိုလေး ကျွန်တော် ဘာလုပ် ..."

"ဖျန်း ... ..."

ဘာကြောင့် မုန်းမသိလိုက် ပါးပေါ်ရောက်လာတဲ့ လက်ဝါးကြောင့် အတော်လေး နာသွားရသည် ။ လူက ကြမ်းပြင်ပေါ်ကိုတောင် လှဲကျမတတ် ဖြစ်သွားသည် ။

"သွားစမါး ငါပြောထားတယ်လေ ငါဆီလာရင် မင်းအဲလိုရုပ်မျိုးနဲ့ မလာနဲ့ လို့ မျက်နှာစွပ်နဲ့ လာလို့ ..."

အစ်ကိုလေးသော်က သူဆီလာရင် မျက်နှာစွပ်တတ်ဖို့ မှာ ထားတာ ကျွန်တော် မေ့သွားခဲ့သည် ။ ဒါပေမဲ့ မျက်ရည်များ ကျွန်တော့်ပါးမှာ နေရာယူလာခဲ့သည် ။ ရုပ်ဆိုးတာ ကျွန်တော့် အမှားလားဗျာ ...

"ဟာကွာ ပြောမှ စောက်ရည်လာကျနေတယ် ကဲကွာ"

ပြောရင်း သူကျွန်တော့်ကို ကန်လိုက်ပြီး ရေချိုးခန်းထဲ ဝင်သွားတော့

သည် ။ မျက်ရည်များကြား ကိုယ့်အပြစ်လို့ သာ ခံယူမိနေသည် ။

မားနဲ့ ပါး သားကိုဘာလို့ ပြစ်ထားခဲ့တာတုံးဗျာ ...

***

သော်ခန့်

မနက်မိုးလင်းတာနဲ့ မမြင်ချင်တဲ့ ရုပ်ဆိုးကောင် ရုပ်ကိုမြင်ရသည် ။ ဘယ်လောက်ပြောပြော အမှတ်မရှိဘူး အဲကြောင့် မှတ်လောက်အောင် လုပ်လိုက်တော့ မျက်ရည်ကျတယ်လေ ပြစ်ကန်ပေးလိုက်တယ် လက်နဲ့ ခြေထောက်တောင် သနတယ်။

ကျွန်တော် မျက်နှာသစ် သွားတိုက်ပြီးတာနဲ့ အိမ်အောက်ထပ် ဆင်း လာလိုက်သည် ။

ထိုစဉ်

"ဟဲ့ သွား အဝတ်တွေပြန်လျှော် ပြောင်လည်း မပြောင်ဘူး နင်ဘယ် လိုတွေ လျှော်ထားတာလည်း ရောင်စင်"

"ကျွန်တော်သေချာ လျှော်ထားတာပါ အဲဒါကလေ"

နားထောင်နေတာ အကောင်းအောင်းမေ့နေတယ် အရစ်က ထပြီ လေ။ ကျွန်တော်သူ့အနား သွားလိုက်ကာ

"မင်းကို မာမီကပြန်လျှော်ဆို ပြန်လျှော်ပေါ့"

"အဲဒါကလေ အား ..."

သူအတွန့်တတ်တုန်းပဲ ရှိသေးသည် မာမီသူ့နားရွက် ဆွဲလိမ်လိုက်တာကြောင့် သူအော်နေသည် ။ ကျွန်တော်လည်း အဲဒီမကြားချင်တဲ့ အသံနဲ့ ဝေးရာကို ထွက်ဖို့ ပြင်တော့ ...

"သားသော်ခန့် ဒါဘယ်လည်း ..."

"သားသူငယ်ချင်းတွေနဲ့ ပွဲရှိလို့ ညမှ ပြန်လာမယ် မာမီ"

"အေးအေး စောစောပြန်လာ မင်းအဖေသိရင် မင်းကို ဆူလိမ့်မယ်"

ကျွန်တော်လည်း လက်ခါပြလိုက်ကာ စိတ်ထဲ သိပ်မကြည်တာနဲ့ တစ်နေ့ကုန် ဘောဒါတွေရှိရာ လစ်တော့သည် ...

***

ရောင်စင်

သခင်မကြီး ခိုင်းသမျှ လိုက်လုပ်ပေးရတာ လက်တွေညောင်းလှပြီ သို့ပေမဲ့ ဒါကထုံးစံမို့ ကျွန်တော် ကျင့်သားရနေပြီ ဖြစ်သည် ။

ကျွန်တော် နောက်အလှည့်မှာ မြင်လိုက်ရတဲ့ အရာကြောင့် တုံလှုပ်မိသွားသည် ။ အိမ်မှာ လျှပ်စစ်နဲ့ သာ အသုံးပြုလို့ ကျွန်တော့်လို မီး

ကြောက်တဲ့ စိတ်ဝေဒနာရှင်တွေ ပြဿနာ မဖြစ်ပါ။ သို့ပေမဲ့ ရှေ့မှာ ပေါ်လာတဲ့ မီးတောက်က ကျွန်တော့်မျက်စိ ရှေ့လေးတင် မျက်နှာနဲ့ သိပ်ကို နီးကပ်နေသည် ။

ကျွန်တော်ရဲ့ အမှောင်ပုံရိပ်တွေက မျက်လုံးထဲ ပြန်မြင်လာသည် ။ သွေးတွေ ပြီးတော့မီးတွေ ပါးနဲ့ မား ဘာတွေလည်း ။ ချွေးများ ပျံလာကာ ခေါင်းတွေပါ မူးလာခဲ့သည် ။

"အား အား မီးတွေအား ..."

ကျွန်တော်အမှောင် ကျသွားခဲ့သည် ။ ထိုစဉ်နားထဲ ကြားရတာက တော့ ...

"ဟား ... ဟား ဟျောင့်မင်းလူက မေ့သွားပြီကွ"

"ဟာကွာ ဇင်ခန့်မင်းကတော့ ဒုက္ခပဲ ဖယ်စမ်း"

***

# အပိုင်း(၂)

သော်ခန့်

အပြင်သွားဖို့ ကားလေးနဲ့ လိမ့်လာခဲ့သည် ။ ကားပေါ်မှာ ဟိုကောင် ဇင်ခန့်ဖုန်းဆက်တာနဲ့ ကျွန်တော်ဖုန်းကို ဖွင့်ကာ နားကျပ်တတ်လိုက်သည် ။

"အေးဟိတ်ကောင်ပြော"

"ပြောမလုပ်နဲ့ သားကြီးငါတို့ ကလပ်လိမ့်မယ်ကွာ"

"ဘာကွ မင်းကလည်း မနက်ပိုင်ပဲ ရှိသေးတယ်လေ"

"မင်းကလည်း စော်လေးတွေနဲ့ ဘာညာပေ့ါ"

"ဟိတ်ကောင်ဇင်ခန့် ငါအဲဒါတွေ စိတ်မဝင်စားဘူး ငါကရတာပဲ ကြိုက်တယ်ကွ"

"အေးပါကွာ မင်းမှာ မင်းကောင်မလေး ရှိတာကိုး"

"မင်းသိပြီးရော လာခဲ့ ကော်ဖီဆိုင် ထိုင်ရအောင်"

ကျွန်တော် ဇင်ခန့်နဲ့ ဖုန်းပြောပြီး ဖုန်းချလိုက်သည် ။ ကားကို ကျွန်တော့်နဲ့ အဲကောင် သောက်နေကျ ဆိုင်ဘက် မောင်းလာလိုက်သည် ။

ကျွန်တော် ကလပ်တတ်ရတာ ကြိုက်တယ် အရက်ကြိုက်တယ် ဒါပေမဲ့ အဲဒီလို မိန်းမတွေတော့ မကြိုက်ဘူး။ ကျွန်တော့်မှာ ကောင်မလေး ရှိလို့ လည်း မဟုတ်။

ကျွန်တော်ကားလေး ရပ်လိုက်ပြီး ဆိုင်ထဲဝင်ထိုင် လိုက်သည် ။ စားပွဲထိုးမလေး အနားရောက် လာပြီး ...

"အစ်ကို ဘာမျှား မှာ မလဲရှင်"

"အစ်ကိုမှာ တာ ရှိတယ်ပေါ့"

"ဆိုင်မှာ ရှိတာတွေ ချပေးပမယ် ပြောပါရှင့်"

"မင်းလေးရဲ့ အသည်းကို လိုချင်တယ်"

"ရှင် ..."

ကျွန်တော် စာပွဲထိုးမလေးကို ကြည့်တော့ အတော်ချောသည် ။ ချစ်ဖို့ လည်းကောင်းတယ်။ ထိုကြောင့် ကောင်မလေးကို စလိုက်တော့ သူမ ရှက်သွားကာ ပါးလေးကို ရဲသွားသည် ။ ကျွန်တော်လည်း သူလက်လေး ကို ကိုင်ဖို့ လှမ်းလိုက်ချိန်မှာ ပဲ ...

ဖျန်း ... ...

"အားနာတာကြာ ..."

"ဟော့ကောင်သော် မင်းလက်ခြင်ကိုက်နေလို့ ငါက ရိုက်တာပါ ..."

"မင်းကွာ မင်း ..."

ကျွန်တော်ဟိုကောင်ကို ကြိမ်းဝါးပြလိုက်သည် ။ ဟိုကောင်ကတော့ စပ်ဖြီးဖြီးဖြင့် ...

"ညီမလေး ကော်ဖီနှစ်ခွပ်ပဲ ချပေးတော့ ..."

"ငသော် မင်းကလည်း နော် ကြောင်ဖို့ ပဲ ပြင်နေတာပဲ"

"ဟ ... ငါက ယောကျ်ားလေး မကြောင်လို့ ဘာလုပ်ရမှာ တုံး"

"မင်းက လွန်ပါတယ်ကွာ"

ဇင်ခန့်ပြောတာကို ကျွန်တော်မပြောပဲ နေလိုက်သည် ။ သူနဲ့ ကျွန်တော် သက်တန်းက စာအကြောင်းတွေ ပြောလိုက် မနေ့ညက ပျော်စရာလေးတွေ ပြောလိုက်နဲ့ အချိန်ကုန်သွားသည် ။

"ဟျောင့် မင်းအိမ်သွားပြီး မုန့်စားရအောင် မင်းအမေလက်ရာ မိုက်တယ်ကွ"

"ဟျောင့်ဇင်ခန့် မင်းမသိတာ ကျနေတာပဲ အဲတာ ဟိုမျက်နှာဆိုးနဲ့ ကောင်ချက်နေကျလေ ..."

"သိပါတယ်ကွာ မျက်နှာလေးသာ ဆိုးတာပါကွ အသားလေးက ဖွေးလို့ မျက်နှာတစ်ခြမ်းလေးကို အုပ်ထားလိုက်ရင် နှုတ်ခမ်းလေးက ရဲနေတာပဲ..."

ဟို ရုပ်ဆိုးကောင်ကို အမွန်းတင်နေတဲ့ ဇင်ခန့်ကို ကျွန်တော်နားမလည်တော့ ဒီကောင် ဘာအရူးထလည်း မသိ။

"သတိလည်း ထားဦးကွ မင်းမသိတဲ့ ရောဂါတွေ သူဆီက ကူးဦးမယ် "

"တွီး စဉ်းစားလေး ငါက အဲကောင်ကို ငသော် မင်းတော့နော် ..."

ကျွန်တော်လည်း အမြင်ကပ်ပုဒ်မနဲ့ အဲကောင်ကို စလိုက်တော့ ခုနကသူ မဟုတ်တော့သလို လုပ်ပြနေသည် ။

"လာအိမ်သွားမယ်"

ကျွန်တော်နဲ့ ဇင်ခန့်အိမ်ကို မောင်းလာခဲ့ကျသည် ။ ကျွန်တော်အိမ်ထဲ မဝင်ခင်မှာ ဇင်ခန့်က

"ဟိတ်ကောင် ငါသူ့ကို စချင်တယ်ကွာ ရမလား"

ကျွန်တော်လည်း သာမန်ထင်ပြီး ...

"အေးသဘောပဲကွာ"

ကျွန်တော် ဇင်ခန့်ရဲ့ နောက်ကနေ ဖုန်းကြည့်ပြီး လိုက်သွားလိုက်ချိန် ဇင်ခန့် မီးခြစ်ထုတ်တာတွေ လိုက်သည် ။ ရုပ်ဆိုးကောင်က မီးကြောက်တာသိလို့ တားမည်အပြု ဇင်ခန့်လက် သိပ်မြန်လွန်းသွားသည် ။ ကောင်လေးမျက်နှာနား မီးသွားခြစ်လိုက်တော့ ရုပ်ဆိုးကောင် လန့်ပြီးအော်ကာ မေ့လည်း သွားတော့သည် ။

ကျွန်တော်လည်း အပြေးသွား လိုက်ကာ ဇင်ခန့်ကို တွန်းထုတ်ကာ ..
.

"ဇင်ခန့် မင်းကတော့ကွာ"

"ဟား ... ဟား မင်းကောင်ကတော့ မေ့သွားပြီ ..."

"မင်းရယ်မနေနဲ့ သေသွားဦးမယ် နှလုံးရပ်ပြီး လာသူကိုပွေ့ပြီး ဆိုဖာပေါ်တင်လိုက်"

ဇင်ခန့်ကို ပွေ့ခိုင်းပြီး ကျွန်တော် ရုပ်ဆိုးကောင်ကို သတိပြန်ရအောင် လေရအောင် လုပ်ပေးနေလိုက်တော့ ခဏအကြာမှာ ပဲ ...

"အင်း ဟင့် အင်း ......"

"ဟျောင့် မင်းငတိရ လာပြီလား ထတော့ ..."

ကျွန်တော်ပြောလိုက်တော့ သူ ကုန်းထကာ ...

"ကျွန်တော် မီးတွေ့လိုက်လို့ Sorryပါနော်"

"စောက်ပိုတွေ လုပ်မနေနဲ့ သွားလုပ်စရာရှိတာ သွားလုပ်တော့"

"ဟုတ်ကဲ့"

သူ့ကို အ လုပ်သွားလုပ်ဖို့ ပြောလိုက်သည် ။ သူ့ကြည့်ရတာ ဖြူဖပ်ဖြူရော် ဖြစ်နေသည် ။ အခြေအနေ မကောင်းဘူးဆိုတာ သိလိုက်ပေမဲ့ ကိုယ်နဲ့ မှ မဆိုင်တာ မသိချင်ယောင် ဆောင်နေလိုက်သည် ။

"ဟျောင်သော်ခန့် ကောင်လေးက Uke လေး ကျနေတာပဲ ငါက Seme တစ်ဝက်ဆိုတော့ ငါကွာ ဟင်းဟင်း"

"မင်းပါးစပ်ပိတ်ထား သွားမယ် ကလပ်"

"Yes အကောင်းဆုံး အကြံုပဲ"

***

ရောင်စင်

ကျွန်တော့် မီးတွေထားတဲ့ အရှိန်ကြောင့် လူကနုံးနေသလို ဖြစ်နေသည် ။ ပြီးတော့ စိတ်က တစ်ချက်တစ်ချက် လန့်သွားသည် ။

ကျွန်တော် အိမ်အလုပ်များကို လုပ်ရင်း အချိန်ကုန်ခဲ့သည်။ ည

ရောက်တော့ သခင်မကြီးနဲ့ သခင်ကြီးအတွက် ထမင်းဝိုင်း ပြင်ဆင်ပေးနေလိုက်သည် ။ သူတို့ ရောက်လာတော့ ထမင်းစားနေကျသဖြင့် ကျွန်တော်ဘေးကနေ ယပ်ခပ်ပေးနေ လိုက်သည် ။

"မိန်းမ မင်းသားကော"

"သူငယ်ချင်းတွေနဲ့ အလုပ်ကိစ္စရှိလို့ တဲ့ ထွက်သွားတယ်"

"ဘာကွ ဟုတ်မှ လည်း ပြောပါဦး မင်းသား အပြင်မှာ သွားရှုပ်နေတာမလား"

"ရှင်ကလည်း သားလေးဆို အပြစ်မြင်ဖို့ ပဲ ပြင်နေတယ်"

ကိုလေးက အမြဲတမ်း အပြင်မှာ ပြဿနာ ရှာလာတတ်သည် ။ ထိုကြောင့် သခင်ကြီးတို့ စိတ်ပူနေတာ ဖြစ်မည်။ ကျွန်တော်လည်း သခင်မကြီးတို့ စားပြီးတာနဲ့ ပန်းကန်တွေဆေးပြီး ကျွန်တော်တို့ အိမ်အကူတွေနေတဲ့ အခန်းလေးထဲ ဝင်ကာ လှဲအိပ်နေတုန်း နဖူးပေါ်ရောက်လာတဲ့ လက်တစ်စုံကြောင့် မျက်လုံးဖွင့်ကြည့်လိုက်တော့ ဒေါ်ကြီးမူပါ ...

"သားဖျားနေတာလား"

"ဟင့်အင်းဒေါ်ကြီး ခဏနားချင်လို့ ပါ"

"အေးအေး နားလိုက်နော်"

" ဒုန်းဒုန်း ဒုန်း ... ..."

တံခါးထုသံကြောင့် ဒေါ်လေးမူ ထလိုက်ပြီး သွားဖွင့်လိုက်တော့ သခင်မကြီးပါ မျက်နှာကြီး ထန်နေကာ ကျွန်တော့်အနားကို လာပြီး ဆံပင်ကို စောင့်ဆွဲလိုက်ကာ ...

"ထစမ်း နင်ကတော့ အိပ်နိုင်တယ် ဟုတ်လား ငါ့သား ပြန်မလာ

သေးဘူး ထနင် ထ ..."

"အား အ သခင်မကြီး လွှတ်ပါဦးဗျာ ရောင်ထပါမယ်"

"သခင်မကြီးရယ် မလုပ်ပါနဲ့ ရောင်လေး ဖျားချင်သလို ဖြစ်နေလို့ ပါ ..."

"တိတ်စမ်းဒေါ်မူ ထစမ်း ရောင်စင်ခုထ ..."

"အ ဟုတ်ထပါမယ် ..."

ရောင်လေး အိပ်နေရာမှ ထရပ်လိုက်တော့ သူမဆွဲထားတဲ့ ကျွန်တော့် ဆံပင်ကို လွှတ်ပေးသည် ။ ဒေါ်ကြီးမူကတော့ မျက်နှာလေး ဖွက်ကာနေသည် ။ သေချာပါတယ် ဒေါ်ကြီးငိုနေတာကို သိတာပေါ့။ ဒေါ်ကြီးက ကျွန်တော့်အမေ တစ်ယောက်လို အဘွားတစ်ယောက်လိုပါပဲ။

ပါးနဲ့မား သားကိုလာကြည့် ပါဦးလားဟင် ကျွန်တော်ဝဲတတ်လာသော မျက်ရည်များကို မငိုဖြစ်အောင် ထိန်းလိုက်သည် ။ သခင်မကြီးနောက် လိုက်သွားတော့ ဧည့်ခန်းဆိုဖာနား ရောက်တော့ ...

"ဟဲ့ နင်အဲဒီကြမ်းပြင်မှာ ထိုင် ပြီးတော့ ငါ့ကိုနှိပ်ပေး ငါ့သားလေး ပြန်အလာကို စောင့်ရမယ်"

"ဟုတ်ကဲ့ သခင်မကြီး"

ကျွန်တော်လည်း သခင်မကြီးကို နှိပ်ပေးရင်း တိတ်ကို ပြန်သွားလိုက်ဦးမည်။

မားနဲ့ ပါးဆုံးတော့ ကျွန်တော် မိဘမဲ့ဂေဟာကို ရောက်လာခဲ့သည် ။ မိဘမဲ့ဂေဟာမှာ တစ်နှစ်လောက်နေခဲ့ပြီး သခင်ကြီးတို့ အလှူလာလုပ်တော့ သခင်ကြီးက ကျွန်တော့်ကို သနားလို့ ဒီကိုခေါ်လာခဲ့တာပါ။ သခင်

ကြီးရဲ့ စေတနာကို သိပေမဲ့ဗျာ ဖြစ်နိုင်ရင် မှီခိုရာသာရှိရင် ထွက်သွားလိုက်ချင်သည် ။

ကျွန်တော်တို့ စောင့်နေတာ ည၁၁နာရီကျော်ပြီမို့ သခင်မကြီး သူ့အခန်း ပြန်အိပ်သွားသည် ။ ကျွန်တော်ကတော့ စောင့်နေတုန်းပေါ့ ၁၂နာရီထိုးတော့ ...

"တီ တီ တီ … …"

ကားဟွန်းတီးသံကြားလို့ ထွက်ကြည့်တော့ အစ်ကိုလေး သူငယ်ချင်းကားပါ ခြံတံခါး ဖွင့်ပေးလိုက်တော့ အစ်ကိုလေး သူငယ်ချင်းကား ဝင်လာသည် ။ အစ်ကိုလေးကိုတွဲရင်း အစ်ကိုလေး သူငယ်ချင်း ထွက်လာလို့ ကျွန်တော် ကူသယ်ပေးကာ အစ်ကိုလေး အခန်းထဲ တွဲခေါ်သွားလိုက်သည် ။ အရက်နံ့က အတော်ပျင်းသည် ။

အစ်ကိုလေးကို ခုတင်ပေါ် တင်လိုက်သည် ။ အစ်ကိုလေး ခေါင်းတောင်မဖော်ဘဲ အိပ်နေပြီထင်သည် ။ သူ့သူငယ်ချင်းလည်း ဘေးမှာ လှဲအိပ်နေသည် ။ ကျွန်တော်အကို ဖိနပ်နဲ့ ခြေအိတ်ကို ချွတ်ပေးနေတုန်း သူ့သူငယ်ချင်း အနားရောက်လာကာ အနောက်မှ ကျွန်တော့်ကို ဖက်လာသည် ။

ကျွန်တော် တွန်းရင်း ဖယ်ရှားနေမိသည် ။

"အစ်ကို အဲဒီလိုမလုပ်ပါနဲ့ ရောင်ကိုလွှတ်ပါ"

"တိုးတိုးနေကွာ အစ်ကိုဖီးပျက်တယ်"

သူပြောရင်း ကျွန်တော့်ကို ခုတင်ပေါ် တွန်းလှဲလိုက်ကာ ကျွန်တော့် ပါးစပ်ကို သူ့လက်နဲ့ ပိတ်လိုက်သည် ။ ပြီးနောက် လက်တစ်ဖက်က ကျွန်တော့်အင်္ကျီ ကြယ်သီးများကို ချွတ်နေသည် ။ ကျွန်တော်လည်း

ဘေးကအစ်ကိုလေး လက်ကို စုတ်ကိုင်ရင်း ဖစ်ညစ်နေမိသည် ။

သူကျွန်တော့် လည်ပင်းကို နမ်းရင်း ခက်ပျင်းပျင်း စုတ်ယူလိုက်တော့ ကျွန်တော် အစ်ကိုလေးလက်ကို ပိုစုတ်ထားမိသည် ။ အစ်ကိုလေးကတော့ မနိုး။ သူကျွန်တော်လည်ပင်းကို ကိုက်လိုက်တာကြောင့် အနည်းငယ် နာသွားရသည် ။ ကျွန်တော်အစ်ကိုလေး လက်ကို ကုတ်ခြစ်လိုက်မိသည် ။

ကျွန်တော်မျက်ရည်တွေ ဝဲလာခဲ့သည် ။

ထိုစဉ်

ခွပ် ...

"ကဲကွာ ခွေးကောင် ..."

"ဟင့် ဟင့် အစ်ကိုလေး ဟင့် ..."

"ဇင်ခန့် ငါတောင်းပန်တယ်ကွာ မင်းသွားတော့"

"အေးပါကွာ"

အစ်ကိုဇင်ခန့် ထွက်သွားတော့ ကျွန်တော်ခုတင်ပေါ်မှာ ထိုင်ရင်းငိုနေမိသည် ။ တော်ပါသေးရဲ့ အစ်ကိုလေး ကယ်လို့ ပါ။ ကျေးဇူးတင်လိုက်တာ အစ်ကိုလေးရယ်။

ကျွန်တော်အစ်ကိုလေးကို မော့ကြည့်ပြီး ...

"ကျေးဇူးတင်ပါတယ် အစ်ကို"

ဖျန်း ...

"သွားစမ်း ငါ့အခန်းထဲက ယုတ်ညံ့တဲ့ မင်းကိုငါ မမြင်ချင်ဘူး"

" မဟုတ်ဘူး ကျွန်တော် အဲလိုလုပ်တာ မဟုတ်ဘူး "

"ငါမင်းကို သွားလို့ ပြောနေတယ်နော်"

ကျွန်တော် သူ့အခန်းထဲက ပြေးထွက်လာလိုက်သည် ။ မဟုတ်ဘူး ကျွန်တော့်မှာ အဲလိုစိတ်မရှိဘူး လူသာကံပေးလို့ ဆိုးဝါးခဲ့မယ် အဲလိုတော့ မလုပ်ဘူး အစ်ကိုလေး အဲလိုမြင်တော့ ကျွန်တော်ပိုဝမ်း နည်းမိသည် ။ ကံတရားရယ် မြေနိမ့်ရာ လှံစိုက်တာ သဘာဝလို့ တော့ မလုပ်ကျပါနဲ့ ဗျာ ...

***